ငါကိုယ်‌တော် မိအ်ရာဂျ်ခရီးကို

ခေါ်ဆောင်သွားခြင်းခံရသောအခါ၊

ကြေးရောင်လက်သည်းများဖြင့် မိမိတို့၏မျက်နှာနှင့်ရင်ဘတ်များကို ကုတ်ဖဲ့နေကြသောလူတစ်စုအနားမှ

ဖြတ်သွားတော်မူခဲ့သည်

အနတ်စ်ဗင်န်မာလိက် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ ငါကိုယ်‌တော်
မိအ်ရာဂျ်ခရီးကို ခေါ်ဆောင်သွားခြင်းခံရသောအခါ၊ ကြေးရောင်လက်သည်းများဖြင့်
မိမိတို့၏မျက်နှာနှင့် ရင်ဘတ်များကို ကုတ်ဖဲ့နေကြသောလူတစ်စုအနားမှ
ဖြတ်သွားတော်မူခဲ့သည်။ "ငါကိုယ်‌တော်က 'အို-ဂျစ်ဗ်ရီလ်၊ ဤသူတို့သည် မည်သူများနည်း'
ဟု မေးမြန်းခဲ့သည်။ ဂျိဗ်ရီလ်(အလိုင်ဟိစ်စ္စလာမ်)က 'ဤသူတို့သည်
လူတို့၏အသားများကို စားသောသူများ (ဂီဘသ် အတင်းအဖြင်း ပြောဆိုသူများ) နှင့်
သူတစ်ပါး၏ဂုဏ်သိက္ခာကို ထိပါးစော်ကားခဲ့ကြသူများ ဖြစ်ကြသည်' ဟု ဖြေကြားခဲ့သည်။ [حسن] [رواه أبو داود]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်တော်မူသည်မှာ- "အစ္စရာအ်(မတ်စ်ဂျစ်ဒ်ဟရာမ်မှ မတ်စ်ဂျစ်ဒ်အက်ဆွာသို့ ညခရီး)နှင့် မိအ်ရာဂျ်ညတွင်ကိုယ်တော့်အား မိုးကောင်းကင်သို့ ခေါ်ဆောင်သွားခြင်းခံရစဉ်ကြေးရောင်လက်သည်းများဖြင့် မိမိတို့၏မျက်နှာများနှင့် ရင်ဘတ်များကိုကုတ်ဖဲ့စုတ်ဖြဲနေသော လူများအနားမှ ဖြတ်သွားတော်မူခဲ့သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ဂျီဗ်ရီလ် (အလိုင်ဟိစ္စလာမ်) အား ''ဤသူများသည်မည်သည့်လုပ်ရပ်ကိုလုပ်ခဲ့သောကြောင့် ထိုသို့သောအဇားဗ်ပြစ်ဒဏ်ကို ခံနေကြရသနည်း'' ဟုမေးမြန်းတော်မူခဲ့သည်။ ထိုအခါ ဂျီဗ်ရီလ် (အလိုင်ဟစ္စလာမ်) က ''ဤသူတို့သည် လူတို့အား (သူတစ်ပါး၏) ဂီဗသ်အတင်းအဖျင်း ပြောခဲ့သူများနှင့် မတရားသဖြင့်သူတစ်ပါး၏ဂုဏ်သိက္ခာကို ထိပါးပြောဆိုခဲ့ကြသူများ ဖြစ်ကြသည်'' ဟု ဖြေကြားခဲ့သည်။

https://sunnah.global/hadeeth/my/show/4229